ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

# မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၈ / ၂၀၀၃)

၁၃၆၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၂ ရက်
(၂၀၀၃ ခုနှစ်၊ ဇွန်လ ၁၆ ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၁၅ ၏ နောက်တွင် ပုဒ်မ ၁၅-က၊ ပုဒ်မ ၁၅-ခ နှင့် ၁၅-ဂ တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၁၅-က။ သတ္တုတွင်းဝန်ကြီးဌာနသည် ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသည့် ကုမ္ပဏီ၊ အသင်း သို့မဟုတ် ပုဂ္ဂိုလ်က ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ရာတွင် အများသုံးမြေစာပစ်ရန်နေရာကို ရတနာနယ်မြေအတွင်း သတ်မှတ်နိုင်သည်။

၁၅-ခ။ ကျောက်မျက်ရတနာလုပ်ကွက် လုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသော ကုမ္ပဏီ သို့မဟုတ် အသင်းကဖြစ်စေ၊ ဖော်ထုတ်လုပ်ကွက်လုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူကဖြစ်စေ ရတနာနယ်မြေတွင် မိမိလုပ်ကွက်အတွင်း သို့မဟုတ် လုပ်ကွက်ပြင်ပ၌ လုပ်ငန်းဆိုင်ရာ ယာယီအဆောက်အအုံ၊ ပစ္စည်းသိုလှောင်ရုံနှင့် တဲ၊ တန်းလျားများ ဆောက်လုပ်ရန်အတွက်လည်းကောင်း၊ ယာဉ်၊ စက်ယန္တရားထုတ်လုပ်ပြီး ကျောက်ရိုင်းများနှင့် ဖြုန်းများထားရှိရန်အတွက်လည်းကောင်း၊ မြေစာဆေးကြောရန်၊ ကျောက်ထုခွဲရန်နှင့် မြေစာပစ်ရန်အတွက်လည်းကောင်း လုပ်ငန်းသုံးနေရာတစ်ခုခုကို အသုံးပြုလိုပါက ပါမစ်ရရှိရန် သတ္တုတွင်းဝန်ကြီးဌာနသို့ လျှောက်ထားရမည်။

၁၅-ဂ။ သတ္တုတွင်းဝန်ကြီးဌာနသည်-

(က) ပုဒ်မ ၁၅-ခ အရ လျှောက်ထားချက်ကို စိစစ်ပြီး စည်းကမ်းချက်များ သတ်မှတ်၍ ပါမစ်ထုတ်ပေးနိုင်သည်။

(ခ) ပုဒ်မခွဲ (က)အရ ပါမစ်ထုတ်ပေးသည့်အခါ ခွင့်ပြုမိန့်ရရှိသော လုပ်ကွက်ပြင်ပရှိ လုပ်ငန်းသုံးနေရာ တစ်ခုခုအတွက် ပါမစ်သက်တမ်းနှင့် မြေငှားရမ်းခတို့ကို သတ်မှတ်ရမည်။

(ဂ) ပုဒ်မခွဲ (ခ)အရ သတ်မှတ်ပေးသည့် ပါမစ်သက်တမ်းကုန်ဆုံးပါက သက်တမ်းတိုးမြှင့်ပေးနိုင်သည်။"

၃။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၃၄၊ ပုဒ်မခွဲ(ခ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ခ) ရတနာနယ်မြေသတ်မှတ်ခြင်း၊ ကျောက်မျက်ရတနာလုပ်ကွက်နှင့် ကြမ်းခင်းဈေးနှုန်းသတ်မှတ်ခြင်း၊ ဖော်ထုတ်လုပ်ကွက်သတ်မှတ်ခြင်း၊ ပုဒ်မ ၁၅-က အရ အများသုံး မြေစာပစ်ရန်နေရာသတ်မှတ်ခြင်း၊ ပုဒ်မ ၁၅-ခ ပါလုပ်ငန်းသုံးနေရာအတွက် ပါမစ်ထုတ်ပေးခြင်း၊ မြေငှားရမ်းခသတ်မှတ်ခြင်းတို့နှင့်စပ်လျဉ်း၍ သတ္တုတွင်းဝန်ကြီးဌာနသို့ အကြံပြုတင်ပြခြင်း။"

၄။ မြန်မာ့ကျောက်မျက်ရတနာဥပဒေပုဒ်မ ၃၆၊ ပုဒ်မခွဲ(က)တွင် ပါရှိသော-

(က) **"ခွင့်ပြုမိန့် သို့မဟုတ် လိုင်စင်"** ဆိုသည့် စကားရပ်ကို **"ခွင့်ပြုမိန့်၊ လိုင်စင် သို့မဟုတ် ပါမစ်"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) **"ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် လိုင်စင်ရရှိသူ"** ဆိုသည့် စကားရပ်ကို **"ခွင့်ပြုမိန့်၊ လိုင်စင် သို့မဟုတ် ပါမစ်ရရှိသူ"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ မြန်မာ့ကျောက်မျက်ရတနာဥပဒေပုဒ်မ ၃၈ တွင်ပါရှိသော-

(က) **"ဤဥပဒေအရထုတ်ပြန်သည့် အမိန့် သို့မဟုတ် ညွှန်ကြားချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်လျှင်သော်လည်းကောင်း"** ဆိုသည့်စကားရပ်ကို **"ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်များနှင့် ညွှန်ကြားချက်များကို လိုက်နာဆောင် ရွက်ရန် ပျက်ကွက်လျှင်သော်လည်းကောင်း"** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) **"ခွင့်ပြုမိန့် သို့မဟုတ် လိုင်စင်"** ဆိုသည့် စကားရပ်ကို **"ခွင့်ပြုမိန့်၊ လိုင်စင် သို့မဟုတ် ပါမစ်"** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၆။ မြန်မာ့ကျောက်မျက်ရတနာဥပဒေပုဒ်မ ၄၃ တွင်ပါရှိသော-

**"ပုဒ်မ ၁၆၊ ပုဒ်မခွဲ (စ)နှင့်စပ်လျဉ်းသည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြား ချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင်"** ဆိုသည့်စကားရပ်ကို **"ဤဥပဒေအရ ထုတ်ပြန် သည့် နည်းဥပဒေများနှင့် အမိန့်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင်"** ဆိုသည့် စကားရပ် ဖြင့် အစားထိုးရမည်။

(ပုံ) သန်းရွှေ

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ